# သတင်းထုတ်ပြန်ချက်

ငွေရေးကြေးရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုများအား အထောက်အပံ့ဖြစ်စေမည့် လုပ်ငန်းလုပ်ဆောင်မှုစွမ်းရည်ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ငွေရေးကြေးရေးကဏ္ဍဆိုင်ရာ နည်းပညာအကူအညီပူးပေါင်းဆောင်ရွက်ရေးကော်မတီ (Conference of the Committee for the Coordination of Financial Sector Technical Assistance to Myanmar-COFTAM) ကို ၂၀၁၄ခုနှစ်မှစတင်ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ်တို့ကြီးမှူး ၍ COFTAM ၏ ဆဋ္ဌမအကြိမ်ညီလာခံကို (၂၃-၃-၂၀၁၈) ရက်နေ့ ၊ နံနက် (၉ း၁၅) နာရီတွင် နေပြည်တော် ၊ Hilton Hotel ၌ကျင်းပခဲ့ပါသည်။ ညီလာခံတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်းနှင့် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ ၊ ငွေကြေးနှင့်အရင်းအနှီးဈေးကွက်ဌာနမှ Deputy Division Chief Ms. Naomi Nakaguchi Griffin တို့မှ ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ကြပြီး ၊ ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် အဖွင့်အမှာစကားများအသီးသီးပြောကြားခဲ့ကြပါသည်။ အဆိုပါအစည်းအဝေးတွင် မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်မှုကို အထောက်အကူဖြစ်စေမည့် ငွေရေးကြေးရေးကဏ္ဍ၏တိုးတက်မှုများ၊လက်ရှိစိန်ခေါ်မှုများကို ဖြေရှင်းပေးနိုင်မည့်နည်းပညာအကူအညီပေးရေးဆိုင်ရာလုပ်ငန်းစီမံချက်များအား အသေးစိတ်ဆွေးနွေးခဲ့ကြပါသည်။

ညီလာခံသို့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင် ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ သက်ဆိုင်ရာဌာနများမှ အရာရှိကြီးများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများဖြစ်သည့် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ ၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ် ၊ အပြည်ပြည်ဆိုင်ရာငွေရေးကြေးရေးကော်ပိုရေးရှင်း၊ ကုလသမဂ္ဂဝန်ဆောင်မှုရုံး ၊ အသက်မွေးဝမ်းကျောင်းနှင့်စားနပ် ရိက္ခာဖူလုံရေးရန်ပုံငွေအဖွဲ့များမှ ကိုယ်စားလှယ်များ ၊ မလေးရှား ၊ ထိုင်း နှင့် စင်ကာပူဗဟိုဘဏ်များ ၊ ဂျာမန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်း ၊ မြန်မာနိုင်ငံဆိုင်ရာဂျပန်သံရုံး၊ ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ၊ တိုရန်တိုစင်တာ၊ အမေရိကန်အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုအေဂျင်စီမှ ကိုယ်စားလှယ် များ တက်ရောက်ခဲ့ကြပါသည်။

၂၀၁၈ခုနှစ် မတ်လ ၂၂ ရက်နေ့တွင် အကြိုတွေ့ဆုံညှိနှိုင်းမှုအနေဖြင့် လုပ်ငန်းကော်မတီအဖွဲ့(၈)ခုမှ အဖွဲ့အလိုက်သီးခြားတွေ့ဆုံ၍ ရရှိခဲ့သည့် နည်းပညာအကူအညီများနှင့်သင်တန်းများအား သုံးသပ်ခြင်း၊ အနာဂတ်လုပ်ငန်းများအတွက် ဦးစားပေးအစီအစဉ်များသတ်မှတ်ခြင်းနှင့် အခြေခံကောင်းများ ဖြည့်ဆည်းပေးနိုင်ရန် ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်အားသတ်မှတ်ခြင်းများအတွက် ဆွေးနွေးခဲ့ကြပါသည်။ မိတ်ဖက်အဖွဲ့အစည်းများမှ ဖြည့်ဆည်းပေးမည့် စီမံကိန်းများအတွက် အစီအစဉ်ချမှတ်ခြင်းနှင့် စီမံကိန်းပါအကြောင်းအရာများအား ပုံမှန်သုံးသပ်ပြင်ဆင်ခြင်းများသည် နည်းပညာအကူအညီများအား ထိထိရောက်ရောက် အကောင်အထည်ဖော်မှုများရရှိစေပြီး၊ ငွေရေးကြေးရေးကဏ္ဍဖွံ့ဖြိုးမှုအတွက် အဓိကကျလျက်ရှိပါသည်။

ဖွံ့ဖြိုးမှုမိတ်ဖက်များမှ ဖြည့်ဆည်းပေးမည့် သင်တန်းအစီအစဉ်များ၏ လိုက်လျောညီထွေရှိမှုသည် မြန်မာအဖွဲ့အစည်းများမှရရှိမည့် နည်းပညာအကူအညီများကို ပိုမိုထိရောက်စေမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရည်မှန်းထားရှိသော ကောင်းမွန်သည့် Training Centre ပေါ်ပေါက်လာစေရေးသည် ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ ပူးပေါင်းဆောင်ရွက်ပေးမှုများက အားပေးဖော်ဆောင်လျက်ရှိပါသည်။